# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၅/ ၂၀၂၄)                    ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅) ရက်

| ၁၅ - ၂ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၅၃.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၈.၆ |
| စတာလင်ပေါင် | ၂,၆၃၅.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၉၉.၉ |
| တရုတ်ယွမ် | ၂၉၁.၉၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၅၁ |
| အိန္ဒိယရူပီး | ၂၅.၂၉၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၅၉ |
| မလေးရှား ရင်းဂစ် | ၄၃၉.၂၈ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၄၉၃ |
| ထိုင်းဘတ် | ၅၈.၀၅၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၈၉၈ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယအစိုးရမှ ပဲစဉ်းငုံအား ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူနေသော်လည်း ရောင်းချသူနည်းပါးလျက်ရှိ

➢ ဆီထွက်သီးနှံများ၊ နို့နှင့် ငါးပုစွန်ထွက်ကုန်များ တင်သွင်းမှုအပေါ် မှီခိုအားထားမှု လျှော့ချနိုင်ရေး အိန္ဒိယ၏ ဘတ်ဂျက် အဆိုပြုချက်

➢ တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွက် သစ်သီးဝလံတင်သွင်းမှုနှင့် တင်ပို့မှု ကိန်းဂဏန်းများ ထုတ်ပြန်ခဲ့

➢ ရုရှားက အီကွေဒေါနိုင်ငံရှိ လုပ်ငန်း(၅) ခုမှ ငှက်ပျောသီးများတင်ပို့မှုကို ရပ်ဆိုင်းရန် တောင်းဆို

➢ ရုရှားသည် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ အီဂျစ်နှင့် ထိုင်းနိုင်ငံတို့မှ ငှက်ပျောသီးများ တိုးမြှင့်တင်သွင်းရန် ရည်ရွယ်ထား

- **အထွေထွေသတင်းများ**

➢ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (CAFTA version 3.0) ညှိနှိုင်းဆွေးနွေးမှုကို အမြန်ဆုံး အပြီးသတ်နိုင်ရန် တရုတ်နိုင်ငံက မျှော်လင့်ထား

➢ တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုဖွင့်လှစ်မည်

➢ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရုရှားဖက်ဒရယ်ဘတ်ဂျက်ဝင်ငွေသည် ဇန်နဝါရီလတွင် ၅၈.၇ ရာခိုင်နှုန်းတိုးလာ

- ရုရှားသည် အနောက်နိုင်ငံများသို့ ရေနံတင်ပို့မှုကို ၁၅ ရာခိုင်နှုန်းအထိ လျှော့ချပြီး အရှေ့နိုင်ငံများသို့ ရေနံတင်ပို့မှုကို ၈၅ ရာခိုင်နှုန်းအထိ တိုးမြှင့်
- ကမ္ဘာတစ်ဝှမ်းတွင် အတိုးနှုန်းထားများ မြင့်တက်နေသော်လည်း အိန္ဒိယသည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုများအတွက် ဦးစားပေးနေရာအဖြစ် ရှိနေကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal က ပြောကြား
- အိန္ဒိယနိုင်ငံတွင် လယ်သမားများဆန္ဒပြ
- 2024 ဘဏ္ဍာနှစ်၊ တတိယ သုံးလပတ်တွင် အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် 6.5% သို့ ကျဆင်းသွားပြီး အမျိုးသမီး အလုပ်သမားပါဝင်မှု ၂၅ ရာခိုင်နှုန်း တိုးလာ
- နယူးဒေလီမြို့တော်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ တားမြစ်

# အိန္ဒိယအစိုးရမှ ပဲစဉ်းငုံအား စျေးကွက်ပေါက်စျေးအတိုင်း ဝယ်ယူနေသော်လည်း ရောင်းချသူ နည်းပါးလျက်ရှိ

ပဲစင်းငုံ အရန်သိုလှောင်မှုများ ပြန်လည်ဖြည့်တင်းရန်အတွက် ဗဟိုအစိုးရက စျေးကွက်ပေါက်စျေးဖြင့်ဝယ်ယူရေးကြိုးပမ်းဆောင်ရွက်ချက်ကြောင့် စျေးကွက်အတွင်း စျေးနှုန်းမြင့်တက်ခဲ့သော်လည်း မျှော်မှန်းထားသကဲ့သို့ တောင်သူများက ရောင်းချမှုမရှိသည်ကို တွေ့ရှိရသည်ဟု ကုန်သည်လုပ်ငန်းရှင်များက ပြောကြားထားသည်။

အခြေခံ တောင်သူလယ်သမားများက ပဲစဉ်းငုံအား ပုဂ္ဂလိကကုန်သည်များသို့ ရောင်းချနေသည်ကို တွေ့ရှိရသော်လည်း၊ တောင်သူကြီးများက ရာသီသစ် သီးနှံအထွက်နှုန်း ကျဆင်းမှုကြောင့် ပဲစဉ်းငုံ စျေးနှုန်းဆက်လက်ခိုင်မာ စျေးကောင်းရရှိမည်ဟု မျှော်လင့်သောကြောင့် ရောင်းချခြင်းမပြုဘဲ ကိုင်ထားကြကြောင်း ကုန်သည်များက ပြောကြားထားသည်။

ပဲစင်းငုံဝယ်ယူရန် ဗဟိုအစိုးရ၏အေဂျင်စီတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ အမျိုးသားစိုက်ပျိုးရေးသမဝါယမစျေးကွက်ရှာဖွေရေးအဖွဲ့ချုပ် (Nafed) သည် မဟာရက်ရှ်ထရာနှင့် ကာနာတာကာပြည်နယ်တို့တွင် ဝယ်ယူရေးစင်တာများဖွင့်လှစ်၍ ပုဂ္ဂလိကကုန်သည်များနှင့် ယှဉ်ပြိုင်ဝယ်ယူရန် စျေးကွက်အတွင်းသို့ ပထမဆုံးအကြိမ်ဝင်ရောက်လာကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုသတင်းရင်းမြစ်များအရ Nafed သည် ယခင်အပတ်အထိ ပဲစင်းငုံ မက်ထရစ်တန် ၂၀၀၀ ခန့်သာ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသည်။

ပဲစဉ်းငုံအား အစိုးရသို့ရောင်းချရာတွင် အစိုးရကကျင့်သုံးသည့် စျေးနှုန်းဖော်မြူလာမှာ ယခင်သုံးရက်၏ ပျမ်းမျှစျေးနှုန်းကိုအသုံးပြုထားခြင်းနှင့် တင်းကျပ်သောအရည်အသွေးစံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများသည် တောင်သူများ၏ အစိုးရထံသို့ ပဲစဉ်းငုံရောင်းချရန် စိတ်ဝင်စားမှုနည်းပါးသည့်အကြောင်းအရင်း တစ်ရပ်ဖြစ်ကြောင်း၊ အစိုးရ၏စျေးနှုန်းသတ်မှတ်ချက်မှာ စျေးကွက်ပေါက်စျေးထက် ၃ ရူပီးမှ ၄ ရူပီးအထိ လျော့နည်းသောကြောင့် တောင်သူများက အစိုးရ အေဂျင်စီထက် ပုဂ္ဂလိကကုန်သည်များကိုသာ ပဲစင်းငုံရောင်းချရန် ရွေးချယ်ကြကြောင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ ပဲကြိတ်ခွဲစက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Rupesh Rathi က ပြောကြားထားသည်။

လက်ရှိတွင် ပဲစင်းငုံစျေးနှုန်းများသည် လက်ကားစျေးကွက်တွင် ၁ ကီလိုလျှင် ၁၀၀ ရူပီး ခန့်ရှိပြီး အစိုးရ၏အနိမ့်ဆုံးပံ့ပိုးစျေးနှုန်း ၁ ကီလိုလျှင် ၇၀ ရူပီး ထက် ၄၀ ရာခိုင်နှုန်းခန့်ပိုမိုကြောင်း၊ ပဲစင်းငုံကြိတ်ခွဲစက်များတွင် ကြိတ်ခွဲပြီးဖြစ်သည့် ပဲစင်းငုံ (ခွဲခြမ်း) စျေးနှုန်းမှာ စက်ရုံပေါက်စျေး အနေဖြင့် ၁ ကီလိုဂရမ်လျှင် ရူပီး ၁၄၀-၁၄၅ ဝန်းကျင်ရှိပြီး လက်လီ စျေးကွက်တွင် ၁ ကီလိုဂရမ် လျှင် ၁၈၀ ရူပီးနှင့် အထက်ရှိကြောင်း သိရှိရသည်။

Agribusiness & Trade

အစိုးရသည် ပဲစင်းငုံဝယ်ယူရေးအတွက် ရုန်းကန်နေရသော်လည်း ဈေးကွက်တွင် ၎င်းတို့ ဝင်ရောက်လာမှုကြောင့် ပဲစဉ်းငုံဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်လအတွင်း ၁၅ ရာခိုင်နှုန်းခန့် တိုးလာကြောင်းနှင့် ယင်းကြောင့် ဈေးကွက်အတွင်းပဲစဉ်းငုံဈေးနှုန်းမှာလည်း ကျဆင်းရန်အလားအလာမမြင်သေးကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပဲ၊ ကြိတ်ခွဲစက်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Suresh Agarwal က ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံအတွင်း ပဲစဉ်းငုံ ဈေးကွက်အခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Not many takers for govt drive to procure tur dal at market rates, The Economic Times

## ဆီထွက်သီးနှံများ၊ နို့နှင့် ငါးပုစွန်ထွက်ကုန်များ တင်သွင်းမှုအပေါ် မှီခိုအားထားမှု လျှော့ချနိုင်ရေး အိန္ဒိယ၏ ဘတ်ဂျက် အဆိုပြုချက်

ဆီထွက်သီးနှံ၊ နို့နှင့် ရေထွက်ကုန်ပစ္စည်းများ အထွက်တိုးစေရေးအတွက် ဘတ်ဂျက်အဆိုပြုချက်သည် အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် သွင်းကုန်များအပေါ် မှီခိုနေရမှုကို လျှော့ချရန်နှင့် ပို့ကုန်မြှင့်တင်ရန်ကူညီပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်းနှင့် အစိုးရက ငါးမွေးမြူရေးလုပ်ငန်း၏ ကုန်ထုတ်စွမ်းအားကို ၆၆ ရာခိုင်နှုန်းတိုးမြှင့်၍ ၁ ဟက်တာလျှင် ၅ တန် အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅.၅ သန်း ဖန်တီးပေးနိုင်ရန်နှင့် ငါးမွေးမြူရေးစီမံကိန်း (Integrated Aqua Parks) ၅ ခုတည်ထောင်လိုသည်ဟု ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

လယ်သမားများ၏ ဝင်ငွေနှစ်ဆမြှင့်တင်ရေးအဖွဲ့၏ ဥက္ကဋ္ဌ Ashok Dalwai က ယခုနှစ် ဘတ်ဂျက်သည် ကျေးလက်ကဏ္ဍတွင် စိုက်ပျိုးရေးနှင့်ဆက်စပ်နေသည့် ဝင်ငွေ၊ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကောက်ပဲသီးနှံမျိုးစုံ၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများအပေါ် အလေးထားသည်ကိုတွေ့ရကြောင်း၊ အထူးသဖြင့် ဟင်းချက်ဆီကဲ့သို့သော ပြည်ပမှ တင်သွင်းနေရသည့် သီးနှံများအား ပြည်တွင်း၌ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အဓိကအလေးထားဆောင်ရွက်မှုကို တွေ့မြင်ရကြောင်း ပြောကြားထားသည်။

Agribusiness & Trade

ဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman ကလည်း မုန်ညင်း၊ မြေပဲ၊ နှမ်း၊ ပဲပုပ်နှင့် နေကြာစသည့် ဆီထွက်သီးနှံများတိုးမြှင့်ထုတ်လုပ်နိုင်ရေး အစီအမံကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲသွားမည်ဟု ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယဗဟိုအစိုးရသည် စားသုံးဆီ–ဆီအုန်းဆိုင်ရာ အမျိုးသားမစ်ရှင် (National Mission on Edible Oils–Oil Palm – NMEO–OP) ကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကြေညာထားသော်လည်း စားသုံးဆီလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် တစ်နှစ်လျှင် ရူပီး ၁.၃၅ ထရီလီယံ အား ပြည်ပမှ တင်သွင်းနေရကြောင်း သိရှိရပါသည်။

ဆီစက်လုပ်ငန်းရှင်များအသင်း၏ အထူးအကြံပေး Atul Chaturvedi မှ ဆီထွက်သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် ကြီးမားသော ကြိုးပမ်းအားထုတ်မှုများ လိုအပ်ကြောင်းနှင့် မုန်ညင်းဆီထုတ်လုပ်မှုကိုမြှင့်တင်ရန်အတွက် GM မုန်ညင်းစေ့များကို အစိုးရက ခွင့်ပြုပေးမည်ဟု မျှော်လင့်ကြောင်း ပြောကြားထားသည်။

နို့ထွက်ပစ္စည်းကဏ္ဍရှိ ကုမ္ပဏီများကလည်း ကုန်ထုတ်စွမ်းအားတိုးမြှင့်ခြင်းသည် လယ်သမားများ၏ဝင်ငွေကို တိုးမြှင့်စေသောကြောင့် မှန်ကန်သောချဉ်းကပ်မှုဖြစ်ကြောင်း၊ Amul အမှတ်တံဆိပ်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဂူဂျာရတ်သမဝါယမနို့ထွက်ပစ္စည်းဈေးကွက်အဖွဲ့ချုပ်မှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Jayen Mehta က နို့စားမွေးမြူရေးသမားများကို ပံ့ပိုးပေးမည့်ပြည့်စုံသောအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ ကမ္ဘာ့နို့ထွက်ပစ္စည်းထုတ်လုပ်သူဖြစ်လာရေး အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် ကူညီပေးလိမ့်မည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယ အစိုးရအဖွဲ့သည် ၂၀၂၅–၂၆ ဘဏ္ဍာနှစ်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (Infrastructure Development Fund–IDF) အရ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ( Animal Husbandry Infrastructure Development Fund – AHIDF) အား ရူပီးငွေ သန်းပေါင်း ၂၉၆,၁၀၂ သန်း ခွင့်ပြုထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ ငါးပုစွန်တင်ပို့မှုသည် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း လျင်မြန်စွာကြီးထွားခဲ့သော်လည်း ၂၀၂၃–၂၄ ခုနှစ်တွင် တိုးတက်မှုရပ်တန့်လျက်ရှိကြောင်း၊ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး ထုတ်လုပ်နိုင်မှုတိုးတက်လာမှသာ တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များက ပြောကြားလျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းတွင် ပုစွန်ထုတ်လုပ်မှုမှာ စိုးရိမ်စရာအခြေအနေရှိကြောင်း၊ မွေးမြူရေးသမားများအတွက် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးနှင့် ကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် ပိုမို

Agribusiness & Trade

ကောင်းမွန်သည့် နည်းပညာများလိုအပ်သည်ဟု အိန္ဒိယနိုင်ငံ ပင်လယ်စာတင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ G Pavan Kumar က ပြောကြားထားသည်။

အိန္ဒိယနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးက ကမ်းရိုးတန်းဒေသများရှိ ရာသီဥတုဒဏ်ခံနိုင်သော အစီအစဉ်များကို မြှင့်တင်ရန်အတွက် "Blue Economy 2.0" ကိုကြေညာထားကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ကြီးထွားလာသော်လည်း ငါးဖမ်းခြင်းကြောင့် အချို့သောမျိုးစိတ်များသည် မျိုးသုဉ်းလုနီးပါး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းနှင့် ငါးအလွန့်အလွန် ဖမ်းဆီးမှုများကြောင့် ကမ်းရိုးတန်း ငါးမွေးမြူရေးလုပ်ငန်းသည် ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းလည်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ယခုနှစ် ကြားဖြတ်ဘတ်ဂျက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတက်ရေးစီမံကိန်းများအတွက် လျာထားသတ်မှတ်ချက်များ ခွင့်ပြုဆောင်ရွက်ခဲ့မှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Not just green, white & blue too: Budget proposal on increasing output of oilseeds, milk & aquaculture products to help India reduce dependence on imports, The Economic Times,

## တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွက် သစ်သီးဝလံ တင်သွင်းမှုနှင့် တင်ပို့မှု ကိန်းဂဏန်းများ ထုတ်ပြန်ခဲ့

မကြာသေးမီက China Chamber of Commerce for Import and Export of Foodstuffs, Native Produce and Animal By-Products မှ ထုတ်ပြန်သော အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုသည် မက်ထရစ်တန်ချိန် (၇.၅၂)သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၆.၈၅)ဘီလီယံ ရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၃)% နှင့် တန်ဖိုးအားဖြင့် (၁၅)% အသီးသီး မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ထို့အတူ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ သစ်သီးဝလံတင်ပို့မှု စုစုပေါင်းမှာ တန်ချိန် (၃.၈၇) သန်းနှင့် အမေရိကန်ဒေါ်လာ (၄.၉၈)ဘီလီယံရှိခဲ့ပြီး တန်ချိန်အားဖြင့် (၁၉)% နှင့် တန်ဖိုးအားဖြင့် (၈)% အသီးသီးတိုးတက်လာခဲ့ကြောင်း၊ ထူးခြားသည်မှာ ၂၀၂၃ ခုနှစ်သည် ၂၀၂၀ ပြည့်နှစ်နောက်

ပိုင်း တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုနှင့် တင်ပို့မှုနှစ်ခုစလုံး တိုးတက်မှုကို တွေ့ကြုံခဲ့သည့် ပထမဆုံးနှစ်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့မှု ထိပ်တန်း (၁၀)နိုင်ငံမှာ ထိုင်း (ဒေါ်လာ ၇.၀၆ ဘီလီယံ၊ + 12 % YOY)၊ ချီလီ (ဒေါ်လာ ၃.၂ ဘီလီယံ၊ – 4 % YOY)၊ ဗီယက်နမ် (ဒေါ်လာ ၂.၈၄ ဘီလီယံ၊ + 123% YOY)၊ ဖိလစ်ပိုင် (ဒေါ်လာ ၆၄၀ သန်း၊ −4%YOY)၊ နယူးဇီလန် (ဒေါ်လာ ၆၀၀ သန်း၊ −5%YOY)၊ ပီရူး (ဒေါ်လာ ၅၀၀ သန်း၊ −12 % YOY)၊ သြစတြေးလျ(ဒေါ်လာ ၂၈၀ သန်း၊ +33%YOY)၊ မလေးရှား (ဒေါ်လာ ၂၇၀ သန်း၊ +29% YOY)၊ တောင်အာဖရိက (ဒေါ်လာ ၂၅၀ သန်း၊ −4%YOY) နှင့် အင်ဒိုနီးရှား (ဒေါ်လာ ၂၂၀ သန်း၊ +5%YOY) တို့ဖြစ်ကြောင်း သိရှိရ ပါသည်။ {*YOY= တစ်နှစ်ထက်တစ်နှစ် (Year over Year)} အများဆုံးတင်သွင်းခဲ့သည့် သစ်သီးအမျိုးအစားများမှာ လတ်ဆတ်သောဒူးရင်းသီး၊ ချယ်ရီ သီး၊ အေးခဲထားသော ဒူးရင်း၊ ငှက်ပျောသီး၊ မင်းဂွတ်သီးနှင့် အုန်းသီးများဖြစ်ကြောင်း၊ အဆိုပါ အမျိုးအစား(၆)မျိုးသည် တရုတ်နိုင်ငံ၏ စုစုပေါင်း သစ်သီးတင်သွင်းမှု၏ (၇၆)% ရှိကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတင်သွင်းမှုတန်ဖိုးသည် ဒေါ်လာ (၆.၇၂) ဘီလီယံ(+၆၆% YOY)နှင့် တန်ချိန်အားဖြင့် (၁.၄၃)သန်း(+၇၃ % YOY) အသီးသီး ရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် တရုတ်နိုင်ငံသို့ တရားဝင် ဈေးကွက်ဝင်ရောက်ခွင့်ရရှိပြီးနောက် ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီး တင်သွင်းမှုသည် တန်ချိန် (၄၉၃,၀၀၀)ရှိခဲ့ပြီး ယခင်နှစ်ထက် (၁,၁၀၀)% တိုးတက်လာခဲ့ကာ ဈေးကွက်ဝေစု၏ (၃၅)% ခန့်ကို လျင်မြန်စွာ ရယူနိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံမှ ဒူးရင်းသီးတင်သွင်းမှုသည် တန်ချိန်အားဖြင့် (၉၂၉,၀၀၀) ရှိခဲ့ပြီး ယခင်နှစ်ထက်(၁၈%) တိုးတက်လာခဲ့သော်လည်း ဈေးကွက်ဝေစုအားဖြင့် ၉၅% မှ ၆၅% အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် လတ်လတ်ဆတ်ဆတ် ချယ်ရီသီး တင်သွင်းမှုတန်ဖိုးသည် ဒုတိယနေရာ၌ရှိခဲ့ပြီး စုစုပေါင်းဒေါ်လာ (၂.၆၅)ဘီလီယံ (−၄% YOY) တန်ချိန်အားဖြင့် (၃၄၇၀၀၀) (−၅ % YOY) ရှိခဲ့ကြောင်း၊ အထူးသဖြင့် ချီလီနိုင်ငံမှ ချယ်ရီသီး တင်သွင်းမှုမှာ ဒေါ်လာ (၂.၅၅)ဘီလီယံ (−၅ % YOY)၊ တန်ချိန်အားဖြင့် (၃၃၄၀၀၀)(−၇% YOY)ရှိခဲ့ပြီး တရုတ်နိုင်ငံ၏ ချယ်ရီသီး တင်သွင်းမှု စုစုပေါင်း၏ (၉၉) % ရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီးများကို အဓိကတင်ပို့ရောင်းချခဲ့ပြီး စုစုပေါင်းတင်ပို့မှုမှာ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ(၇၇၀)သန်း(+၁၉% YOY) နှင့် တန်ချိန်အားဖြင့် (၁၀၈,၀၀၀) (+၁၂% YOY) ရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏နောက်တွင် မလေးရှားနိုင်ငံသည် အေးခဲဒူးရင်းသီးတင်ပို့မှု တန်ဖိုး ဒေါ်လာ(၂၇၀)သန်း (+၃၄ % YOY)နှင့် တန်ချိန်အားဖြင့် (၂၅,၀၀၀) တန် (+၄၇ % YOY) ရှိကြောင်း၊ ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီး တင်ပို့မှုဆိုင်ရာ စံချိန်စံ

Agribusiness & Trade

ညွှန်းများကို မကြာမီ အသိပေးမည်ဖြစ်၍ တရုတ်ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာမည်ဖြစ်ကြောင်း အစီရင်ခံစာအရ သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ၄က်ပျောသီးတင်သွင်းမှုသည် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၀၈)ဘီလီယံ (−7%YOY) နှင့် တန်ချိန်အားဖြင့် (၁.၇၇)သန်း(−2%YOY) ရှိခဲ့ကြောင်း၊ အဓိကတင်ပို့သည့်နိုင်ငံများမှာ ဖိလစ်ပိုင် (၆၈၆,၀၀ တန်၊ −5%YOY)၊ ဗီယက်နမ် (၅၀၆,၀၀၀ တန်၊ +8% YOY)၊ အီကွေဒေါ (၂၆၆,၀၀၀ တန်၊ +33%YOY) နှင့် ကမ္ဘောဒီးယား (၂၆၃,၀၀၀ တန်၊ −22% YOY) တို့ဖြစ်ကြကြောင်း၊ အဆိုပါနိုင်ငံများသည် တရုတ်နိုင်ငံ၏ ၄က်ပျောသီး တင်သွင်းမှုစုစုပေါင်း ပမာဏ၏ (၉၇)%ခန့်ကို ဈေးကွက်ရရှိထားကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် မင်းဂွတ်သီး တင်သွင်းမှုသည် တန်ချိန် (၂၄၂,၀၀၀) (+16% YOY) နှင့် ဒေါ်လာသန်း (၇၃၀) (+16% YOY)ရှိခဲ့ပြီး ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၇,၀၀၀ (+13% YOY)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၆၂၀)သန်း(+14% YOY) နှင့် အင်ဒိုနီးရှားမှ တန်ချိန် (၃၅,၀၀၀) (+36% YOY)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၁၀)သန်း (+31% YOY) အသီးသီး တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အုန်းသီးတင်သွင်းမှုသည် စုစုပေါင်းတန်ချိန် (၁.၁၈)သန်း (+10% YOY)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၅၈၀)သန်း ရှိခဲ့ပြီး ထိုင်း(တန်ချိန် ၅၈၉,၀၀၀၊ +2% YOY) နှင့် ဗီယက်နမ်(တန်ချိန် ၂၂၃,၀၀၀၊ +1% YOY)တို့မှ အဓိကတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်သစ်သီးများအတွက် ထိပ်တန်း ပို့ကုန်ဈေးကွက် (၁၀)ခုမှာ ဗီယက်နမ် (ဒေါ်လာ ၁.၂၃ ဘီလီယံ၊ +3% YOY)၊ ထိုင်း (ဒေါ်လာ ၆၀၀ သန်း၊ −10% YOY)၊ အင်ဒိုနီးရှား (ဒေါ်လာ ၅၅၀ သန်း၊ −2% YOY)၊ ဟောင်ကောင် (ဒေါ်လာ ၃၉၀ သန်း၊ −3%YOY)၊ ဖိလစ်ပိုင် (ဒေါ်လာ ၃၂၀ သန်း၊ +3%YOY)၊ ရုရှား (ဒေါ်လာ ၂၆၀ သန်း၊ +44%YOY)၊ မလေးရှား (ဒေါ်လာ ၂၁၀ သန်း၊ +0% YOY)၊ ကာဂျစ္စတန် (ဒေါ်လာ ၂၁၀ သန်း၊ +163% YOY)၊ ဘင်္ဂလားဒေ့ရှ် (ဒေါ်လာ ၁၈၀ သန်း၊ +0%YOY)နှင့် အမေရိကန်ပြည်ထောင်စု (ဒေါ်လာ ၁၇၀ သန်း၊ +0% YOY) တို့ဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်အတွင်း အများဆုံးတင်ပို့သော သစ်သီးအမျိုးအစားများတွင် ပန်းသီး၊ လိမ္မော်သီး (mandarins နှင့် satsumas အပါအဝင်)၊ စပျစ်သီး၊ သစ်တော်သီးနှင့် ဂရိတ်ဖရုသီးများ ပါဝင်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပန်းသီး တန်ချိန် ၇၉၆,၀၀၀ (−3%YOY) ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၉၇၀)သန်း (−7% YOY) ကို တင်ပို့ခဲ့ပြီး အဓိကတင်ပို့ခဲ့သည့်နိုင်ငံများမှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လိမ္မော်သီး (mandarins နှင့် satsumas အပါအဝင်) တင်ပို့မှုသည် ၈၃၂,၀၀၀ မက်ထရစ်တန် (+41% YOY)နှင့် ဒေါ်လာ (၈၅၀)သန်း (+19% YOY) ရှိခဲ့ကြောင်း၊ ဗီယက်နမ်၊

Agribusiness & Trade

ကာဂျစ္စတန်၊ အင်ဒိုနီးရှား၊ ရုရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မလေးရှားတို့သို့ အဓိက တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ထို့အတူ လတ်ဆတ်သော စပျစ်သီးတင်ပို့မှု ပမာဏမှာ တန်ချိန် (၄၈၃,၀၀၀)နှင့် ဒေါ်လာ (၈၁၀)သန်းရှိပြီး ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သို့ အဓိက တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် သစ်တော်သီး တန်ချိန် (၄၇၉,၀၀၀)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၅၄၀) သန်း တင်ပို့ခဲ့ပြီး အဓိက တင်ပို့သည့်နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရှိရပါသည်။ ဂရိတ်ဖရုသီးတင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် (၁၉၁,၀၀၀) နှင့် ဒေါ်လာ (၁၇၀)သန်းရှိခဲ့ပြီး နယ်သာလန်နှင့် ရုရှားနိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.producereport.com/article/chinas-2023-fruit-import-export-statistics-released

..............................................................................................................

## ရုရှားက အီကွေဒေါနိုင်ငံရှိ လုပ်ငန်း(၅) ခုမှ ငှက်ပျောသီးများ တင်ပို့မှုကို ရပ်ဆိုင်းရန် တောင်းဆို

ရုရှားနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) နိုင်ငံများအတွက် အန္တရာယ်ရှိသော Megas-elia scalaris (Loew) ပိုးမွှားများတွေ့ရှိမှုကြောင့် ဖေဖော်ဝါရီလ ၅ ရက်မှစတင်၍ အီကွေဒေါနိုင်ငံရှိ ငှက်ပျောသီးတင်ပို့သည့် လုပ်ငန်း(၅) ခုအား ငှက်ပျောသီးတင်ပို့မှုကို ရပ်ဆိုင်းထားရန် အီကွေဒေါကို တောင်းဆိုထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor)၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါဌာနသည် အီကွေဒေါနိုင်ငံ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး Mr. Franklin Danilo Palacios Marquez ထံသို့ စာပေးပို့ခဲ့ပြီး ငှက်ပျောသီးတင်ပို့သည့် လုပ်ငန်း(၅) ခုအား ဖေဖော်ဝါရီလ ၅ ရက်မှစ၍ အသိအမှတ်ပြုလက်မှတ်ကို ရပ်ဆိုင်းထားရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ သတ်မှတ်စံချိန်စံညွှန်းများအား လိုက်နာရန် ပျက်ကွက်ခဲ့သော ငှက်ပျောသီးတင်ပို့သည့် လုပ်ငန်း(၅)ခုမှာ - Agzulasa Cia, Don Carlos Fruit S.A., Agroaereo Fruit Export S.A., Asociacion de Produccion Agropecuaria de el oro Asoproagroro, Comercializadora de Banano တို့ ဖြစ်ပါသည်။

အသိအမှတ်ပြုလက်မှတ်ကို ဆိုင်းငံ့ခြင်းသည် အီကွေဒေါနိုင်ငံ၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်မရှိလျှင် အီကွေဒေါတင်ပို့သူများသည် ၎င်း၏ ကုန်ပစ္စည်းများကို တင်ပို့နိုင်မည်မဟုတ်ကြောင်း၊ အီကွေဒေါနိုင်ငံဘက်က ထိရောက်သော အရေးယူဆောင်ရွက်မှုများ မပြုလုပ်ဘဲဆက်လက်၍ ငှက်ပျောသီးများတွင် အဆိုပါ ပိုးမွှားများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပါက Rosselkhoznadzor သည် နောက်တစ်ဆင့်တွင် တင်းကျပ်သောအစီအမံများကို ထပ်မံကန့်သတ်ချမှတ်ရန် လိုအပ်လာမည်ဖြစ်ကြောင်း Rosselkhoznadzor ဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားစတိုးဆိုင်များတွင် ရောင်းချသည့် ငှက်ပျောသီးအများစုသည် အီကွေဒေါနိုင်ငံမှ တင်သွင်းသော သစ်သီးများဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် အီကွေဒေါနိုင်ငံမှ ငှက်ပျောသီးတန်ချိန် ၁.၃ သန်း ဝယ်ယူတင်သွင်းခဲ့ပါသည်။ ၎င်းပမာဏသည် ရုရှားလူမျိုးများစားသုံးသော ငှက်ပျောသီးစုစုပေါင်း၏ ၉၇ ရာခိုင်နှုန်းခန့် ရှိသည်။

Megaselia scalaris (Loew) ပိုးမွှားသည် နေရာအနှံ့တွင်ရှိသော အဖျက်ပိုးကောင်ဖြစ်ပြီး ပိတ်ထားသောနေရာများ၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး ကွန်တိန်နာများတွင် မျိုးပွားမှုနှုန်းမြင့်မားသော ပိုးမွှားအမျိုးအစားတစ်မျိုးဖြစ်ပါသည်။ ရေရှည်သိုလှောင်ထားသော အစားအစာများ၊ အထူးသဖြင့် ဂျုံမှုန့်၊ ပဲပိစပ်၊ အာလူး၊ ငှက်ပျောသီး၊ ဖရဲသီး၊ ဒိန်ခဲ၊ ငါးခြောက်၊ မှို၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အများအပြားကို ကူးစက် ညစ်ညမ်းစေပါသည်။ အဆိုပါပိုးမွှားသည် ကာလဝမ်းရောဂါသယ်ဆောင်သူဖြစ်သည်။

ရုရှားနိုင်ငံသို့ လတ်ဆတ်သစ်သီးဝလံများ တင်ပို့မည်ဆိုလျှင် EAEU ချမှတ်ထားသည့် ယူရေးရှားအကောက်ခွန်သမဂ္ဂ (Eurasian Customs Union)၏ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည့် TR CU 021/2011 "On safety food products" အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂ(EU)၏ သစ်သီးဝလံထုတ်ကုန်များ တင်သွင်းခွင့်အား ပိတ်ဆို့အရေးယူထားသည့်အပြင် အနောက်နိုင်ငံများမှ ရုရှားနိုင်ငံအား ကဏ္ဍအလိုက် ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်သော သစ်သီးဝလံများအား အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ ပိုမိုတင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

Source : https://www.interfax.ru/russia/944310

## ရုရှားသည် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ အီဂျစ်နှင့် ထိုင်းနိုင်ငံတို့မှ ၄က်ပျော်သီးများ တိုးမြှင့်တင်သွင်းရန် ရည်ရွယ်ထား

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှုမှာ ပမာဏ တန်ချိန် ၂၈,၀၀၀၊ ကိုရီးယားမှ တန်ချိန် ၄၈,၀၀၀၊ အီဂျစ်မှ ၂၉ တန်နှင့် ထိုင်းမှ ၂ တန် ဖြစ်ပြီး လာမည့်အနာဂတ်တွင် ၎င်းနိုင်ငံများမှ တိုးမြှင့်တင်သွင်းသွားရန် စီစဉ်ထားကြောင်း ရုရှား စိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkh-oznadzor)က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းတွင် အိန္ဒိယသည် ရုရှားနိုင်ငံသို့ ပထမအကြိမ် ငှက်ပျောသီးများတင်ပို့ခဲ့ပြီး ပမာဏသည် တန်ချိန် ၃၀၀၀ ခန့်ရှိကြောင်း၊ အိန္ဒိယဘက်က တင်ပို့မှုပမာဏ တိုးမြှင့်ရန် အဆင်သင့်ရှိသဖြင့် အနာဂတ်တွင် တင်ပို့မှုပမာဏ မြင့်တင်မည်ဖြစ်ကြောင်း၊ ငှက်ပျောသီးအပြင် သရက်သီး၊ နာနတ်သီး၊ သဘော်သီးနှင့် မာလကာသီးများကိုလည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယမှ ရုရှားနိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်မရှိကြောင်း၊ အိန္ဒိယ သစ်သီးဝလံများကို ရုရှားနိုင်ငံသို့ ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ဥပဒေနှင့်အညီ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (phyto-sanitary certificate) ဖြင့် တင်ပို့နိုင်ကြောင်း Rosselkhoznadzor က အတည်ပြုပြောကြားခဲ့သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း(FAO)၏အဆိုအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ငှက်ပျောသီးအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံက ဒုတိယနှင့် အင်ဒိုနီးရှားက တတိယဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ငှက်ပျောသီးများ တင်သွင်းမှုမရှိခဲ့ကြောင်း Rosselkhoznadzor က ပြောကြားခဲ့သည်။

အစောပိုင်းတွင် Rosselkhoznadzor သည် အီကွေဒေါမှ ရုရှားနိုင်ငံသို့ အန္တရာယ်ရှိ ပိုးမွှားများပါဝင်သော ငှက်ပျောသီးများ တင်ပို့မှုအခြေအနေနှင့် ပတ်သက်၍ သတင်းထုတ်ပြန် ကြေညာခဲ့သည်။ အဆိုပါကိစ္စတွင် သတ်မှတ်စံချိန်စံညွှန်းများ ချိုးဖောက်မှုအများဆုံး ကျူးလွန်ခဲ့သည့် အီကွေဒေါရှိ ငှက်ပျောသီးတင်ပို့သူ (၅) ဦးထံမှ အသိအမှတ်ပြုလက်မှတ် များဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။

ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂ(EU)၏ သစ်သီးဝလံထုတ်ကုန်များ တင်သွင်းခွင့်အား ပိတ်ဆို့အရေးယူထားသည့်အပြင် အနောက်နိုင်ငံများမှ ရုရှားနိုင်ငံအား ကဏ္ဍအလိုက်ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်သော သစ်သီးဝလံထုတ်ကုန်များအား အာရှနိုင်ငံများ အပါ

အဝင် အခြားနိုင်ငံများမှ တိုးမြှင့်တင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : https://tass.ru/ekonomika/19914735 ,https://www.interfax.ru/world/944739

……………………………………………………………………………………………

## တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (CAFTA version 3.0) ညှိနှိုင်းဆွေးနွေးမှုကို အမြန်ဆုံး အပြီးသတ်နိုင်ရန် တရုတ်နိုင်ငံက မျှော်လင့်ထား

တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (China-ASEAN FTA) version 3.0 ကို တတ်နိုင်သမျှ အမြန်ဆုံး အပြီးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံသည် အာဆီယံနှင့် လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီး Mr. Wang Shouwen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)တို့အပေါ် အခြေခံ၍ အာဆီယံနှင့် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းကို ထပ်မံအဆင့်မြှင့်တင်ရန် ရည်ရွယ်ကြောင်း Zhejiang ပြည်နယ်၊ ဟန်ကျိုးမြို့၌ ပြုလုပ်ခဲ့သော ပဥ္စမအကြိမ် CAFTA version 3.0 နှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲ အဖွင့်အခမ်းအနားတွင် Mr. Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် တစ်ဝက်တစ်ပျက်ကုန်ချောများ ကုန်သွယ်မှု၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုကဲ့သို့သော ထွန်းသစ်စနယ်ပယ်များတွင် အာဆီယံနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သွားရန် ဆန္ဒရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ (၂၉)ရက်နေ့မှ ဖေဖော်ဝါရီလ (၂)ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ဖက်တာဝန်ရှိသူများ (၄၀၀)ဦးနီးပါး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/20240131/1d10a9a5788a470f87b4393c67fe9d70/c.html

## တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုဖွင့်လှစ်မည်

ပိုမိုပွင့်လင်းသော စီးပွားရေးပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်အတွက် လက်ရှိဆောင်ရွက်ချက်များအပေါ် အခြေခံပြီး နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထပ်မံမြှင့်တင်သွားမည်ဟု တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao က ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ တရုတ်နိုင်ငံ၏ ကြီးမားသော ဈေးကွက်ကို တစ်ကမ္ဘာလုံးအတွက် မျှဝေထားသော ဈေးကွက်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု Wang က သွင်းကုန်များ တိုးချဲ့ခြင်းနှင့်ပတ်သက်၍ အလေးပေး ပြောကြားခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် ကြိုးပမ်းမှုများနှင့်အတူ သွင်းကုန်လုပ်ထုံးလုပ်နည်းများကို အဆင်ပြေချောမွေ့စေရန် အထူးသဖြင့် အရည်အသွေးမြင့် လူသုံးကုန်ပစ္စည်းများ၊ ခေတ်မီနည်းပညာများနှင့် အခြားအရေးကြီးကုန်ပစ္စည်း အမျိုးအစားများအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ စုစုပေါင်း ကုန်စည်ကုန်သွယ်မှုသည် ယွမ် (၄၁.၇၆) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅.၈၈ ထရီလီယံ)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၀.၂)ရာခိုင်နှုန်း တိုးလာကြောင်း သိရှိရပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံပေါင်း (၁၅)နိုင်ငံပါဝင်သည့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership) (RCEP)သည် အကျိုးရလဒ်များ ဆက်လက်ဖြစ်ထွန်းနေကြောင်း သိရှိရပါသည်။

တရုတ်နှင့် အခြားသော RCEP အဖွဲ့ဝင် (၁၄)နိုင်ငံတို့အကြား ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်တွင် ယွမ် (၁၂.၆)ထရီလီယံသို့ ရောက်ရှိခဲ့ပြီး သဘောတူညီချက်ကို အကောင်အထည်မဖော်မီ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၅.၃)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

အဖွဲ့ဝင်နိုင်ငံများရှိ ကုမ္ပဏီများသည် အကောက်ခွန်လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့မှ ထင်သာမြင်သာသော အကျိုးခံစားခွင့်များ ရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းမှုအတွက် စုစုပေါင်း ယွမ် (၂.၃၆)ဘီလီယံနှင့် RCEP မိတ်ဖက်များထံ တင်သွင်းမှုအတွက် ယွမ်ငွေ (၄.၀၅)ဘီလီယံ သက်သာခွင့်ရခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းသည် ၂၀၂၃ ခုနှစ်တွင် ထပ်မံ၍ အပြုသဘောဆောင်သည့် နှစ်တစ်နှစ်ကို မြင်တွေ့ခဲ့ရကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အမှန်တကယ်အသုံးချမှုသည် အမေရိကန်ဒေါ်လာ (၁၆၃.၂၅)ဘီလီယံအထိ ရှိခဲ့ပြီး နည်းပညာမြင့် စက်မှုလုပ်ငန်း

Agribusiness & Trade

များဆီသို့ သိသိသာသာ ကူးပြောင်းသွားခဲ့ကြောင်း၊ ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၃၇.၄)ရာခိုင်နှုန်းရှိပြီး ၂၀၂၂ ခုနှစ်ထက် (၁.၃)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://news.cgtn.com/news/2024-01-26/China-to-expand-market-access-in-boosting-foreign-trade-1qGmCX316Yo/p.html](https://news.cgtn.com/news/2024-01-26/China-to-expand-market-access-in-boosting-foreign-trade-1qGmCX316Yo/p.html)

…………………………………………………………………………………………………………

## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရုရှားဖက်ဒရယ်ဘတ်ဂျက်ဝင်ငွေသည် ဇန်နဝါရီလတွင် ၅၈.၇ ရာခိုင်နှုန်းတိုးလာ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရုရှားဖက်ဒရယ် ဘတ်ဂျက် ဝင်ငွေသည် ရူဘယ် ၆၇၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇.၄ ဘီလီယံ)ရှိခဲ့ပြီး ယခင်နှစ်ကာလတူ ထက် ၅၈.၇ ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထား ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ဝင်ငွေသည် ရူဘယ် ၆၇၅ ဘီလီယံရှိကာ ယခင်နှစ် အလားတူ ကာလထက် သိသိသာသာကျော်လွန်သွားခြင်းမှာ အဓိကအားဖြင့် ရုရှားရေနံဈေးနှုန်းများ မြင့်တက် မှုကြောင့်ဖြစ်ကြောင်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်၏ အတိုင်းအတာများနှင့်အညီ လာမည့်လများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ဝင်ငွေများသည် ၎င်းတို့၏ အခြေခံပမာဏထက် တဖြည်းဖြည်း ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့မဟုတ်သော ဝင်ငွေသည် ရူဘယ် ၁.၇၂၁ ထရီလီ ယံ(အမေရိကန်ဒေါ်လာ ၁၈.၉ ဘီလီယံ)သို့ ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါ က ၈၄.၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

Source : https://tass.ru/ekonomika/19919207

…………………………………………………………………………………………………………

## ရုရှားသည် အနောက်နိုင်ငံများသို့ ရေနံတင်ပို့မှုကို ၁၅ ရာခိုင်နှုန်းအထိ လျှော့ချပြီး အရှေ့နိုင်ငံများသို့ ရေနံတင်ပို့မှုကို ၈၅ ရာခိုင်နှုန်းအထိ တိုးမြှင့်

ရုရှားနိုင်ငံသည် အနောက်နိုင်ငံများသို့ ရေနံတင်ပို့မှုပမာဏဝေစုကို ၆၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး အရှေ့ဘက်နိုင်ငံများသို့ ၄၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ယေဘူယျအားဖြင့် ၂၀၂၁ ခုနှစ်တွင် ရုရှား၏ ရေနံပို့ကုန်ပမာဏသည် ယခုလက်ရှိ အတိုင်းပင်ဖြစ်ပြီး ရေနံတန်ချိန် သန်း ၂၃၀ ခန့် ဖြစ်သည်။ ၎င်းပမာဏထဲမှ ၆၀ ရာခိုင်နှုန်းခန့်ကို အနောက်နိုင်ငံများသို့ ထောက်ပံ့ပေးပို့ခဲ့ခြင်းဖြစ်ပြီး ၄၀ ရာခိုင်နှုန်းခန့်ကို အရှေ့ဘက်နိုင်ငံများသို့ ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် အနောက်နိုင်ငံသို့ ၁၅ ရာခိုင်နှုန်းသာ ကျန်ရှိတော့ပြီး အရှေ့ဘက်နိုင်ငံများသို့ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်၏ ပြောကြားချက်အရ လက်ရှိအခြေအနေသည် အနောက်နိုင်ငံသို့ ရေနံပိုမိုထောက်ပံ့ရန် မဖြစ်နိုင်ကြောင်း၊ ယေဘူယျအားဖြင့် အခြေအနေများ တည်ငြိမ်သွားပြီ ဖြစ်သော်လည်း ပထဝီနိုင်ငံရေးအခြေအနေမှာ မပြောင်းလဲသဖြင့် အနောက်နိုင်ငံများသို့ ရေနံပိုမိုတင်ပို့ရန် မဖြစ်နိုင်ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေနံတင်ပို့မှုသည် ပမာဏတန်ချိန် ၂၃၄.၃ သန်းရှိပြီး ၂၀၂၂ ခုနှစ်တွင် ၂၄၂.၂ သန်းတန်ချိန်ရှိသဖြင့် ၃.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသသို့ ရုရှားရေနံတင်ပို့မှုပမာဏသည် တန်ချိန် ၁၉၃ သန်း ရှိကြောင်း သိရှိရသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်တွင် ရုရှားရေနံထုတ်လုပ်မှုသည် တန်ချိန် ၅၃၀.၆ သန်းရှိပြီး ၀.၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများသည် အာရှ-ပစိဖိတ်ဒေသသို့ ဦးတည်ဆောင်ရွက်လျက်ရှိသဖြင့် အနာဂတ်တွင်လည်း အာရှ-ပစိဖိတ်ဒေသများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏများသည် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://tass.ru/ekonomika/19913559

……………………………………………………………………………………………

## ကမ္ဘာတစ်ဝှမ်းတွင် အတိုးနှုန်းထားများ မြင့်တက်နေသော်လည်း အိန္ဒိယသည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုများအတွက် ဦးစားပေးနေရာအဖြစ် ရှိနေကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal က ပြောကြား

ကမ္ဘာလုံးဆိုင်ရာ အတိုးနှုန်းများ မြင့်တက်နေသော်လည်း အိန္ဒိယနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတွက် ဦးစားပေးနေရာအဖြစ်ရှိနေကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Piyush Goyal က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အတိုးနှုန်းများ မြင့်မားလာခြင်းကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ အရင်းအနှီးများ ပြန်လည်စီးဆင်းစေခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှုများ ရှိခဲ့သော်လည်း အိန္ဒိယနိုင်ငံသည် ဝယ်လိုအား မြင့်မားကောင်းမွန်ခြင်းနှင့် အခွင့်အလမ်းများ ခိုင်မာအားကောင်းခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာကျဆင်းသွားခြင်းမရှိသည်ကို နိုင်ငံအသီးသီးက မြင်တွေ့ခဲ့ပြီးဖြစ်ကြောင်းနှင့် အိန္ဒိယသည် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်မှုရှိသောနေရာ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း ပြီးခဲ့သည့်သောကြာနေ့ကပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ညီလာခံတွင် Goyal က ပြောကြားခဲ့သည်။

မိမိတို့တွင် သိသာထင်ရှားသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်နေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြပ်အတည်းများကြုံတွေ့နေရသော်လည်း ကုမ္ပဏီများစွာသည် ယခုကာလအတွင်းမှာ ဝင်ငွေမြောက်များစွာကို ပြန်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြကြောင်း ၎င်းက ပြောကြားထားသည်။

FDI ဝင်ရောက်မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒေါ်လာ ၂၀.၄ ဘီလီယံသာရရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသည့်နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး ၎င်း၏နောက်တွင် မောရစ်ရှနိုင်ငံက ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြောင်း သိရသည်။

Goyal က အိန္ဒိယသည် ၂၀၂၄ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှုသည် ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု ဒေါ်လာ ၇၁.၃၅ ဘီလီယံထက် လျော့နည်းခြင်းသည် အဓိကပြဿနာမဟုတ်ကြောင်း၊ အဓိကအချက်မှာ FDI ဆက်လက်ဝင်ရောက်နေရန်သာဖြစ်ကြောင်း၊ ကိန်းဂဏန်းများအရ အလွန်လျင်မြန်စွာ တိုးတက်လာသည့် အချိန်များရှိသကဲ့သို့ ကျဆင်းသည့်အချိန်များလည်း ရှိနိုင်ကြောင်း ပြောကြားထားသည်။

Goyal က တစ်ခါတရံတွင် အဆက်မပြတ်ငွေကြေးစီးဆင်းမှုနှင့် လျင်မြန်စွာ ကြီးထွားလာမှုသည် စီးပွားရေးတစ်ခုအတွက် အလွန်အန္တရာယ်များကြောင်း၊ ထို့ကြောင့် အိန္ဒိယသည် ငွေကြေး

ဖောင်းပွမှုကို ထိန်းချုပ်ရာတွင် အလွန်ကောင်းမွန်သည့် ချိန်ခွင်လျှာတစ်ခုကို ဖန်တီးနိုင်ခဲ့သည်ဟု ထင်ကြောင်း၊ နှစ် ၄၀ အတွင်း  ငွေကြေးဖောင်းပွမှု အနိမ့်ဆုံးသို့ လျှော့ချနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊  နာရင်ဒြာမိုဒီ အစိုးရ၏ ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း နိုင်ငံ၏ ပျမ်းမျှငွေကြေးဖောင်းပွမှုသည် သမိုင်းတွင် အနိမ့်ဆုံးဖြစ်ပြီး ဘဏ္ဍာရေးအလွန်တည်ငြိမ်သည့် ကာလတစ်ခုကို တွေ့မြင်ခဲ့ရမည်ဖြစ်ကြောင်းနှင့် ယနေ့ခေတ်စီးပွားရေးအခြေခံအချက်များကြောင့် စီးပွားရေးကောင်းမွန်မှုများကို ဆက်လက်ရရှိစေမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း နိုင်ငံသားများအတွက် အခြေခံလိုအပ်ချက်များ ဖြစ်သည့် စားနပ်ရိက္ခာ၊ အမိုးအကာ၊ သန့်ရှင်းသော သောက်ရေနှင့် လျှပ်စစ်မီးကို ဂရုစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းလိုအပ်ချက်များသည် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် အိပ်မက်တစ်ခုလို ဖြစ်ခဲ့ပြီး ယခုကာလတွင် အခြေခံပြည်သူများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ပေးသည့် ကာလတစ်ခုဟု ထင်မြင်ကြောင်း၊ သိသာထင်ရှားသည့် ဥပမာတစ်ခုမှာ  Uttar Pradesh  ပြည်နယ်၏ တိုးတက်ပြောင်းလဲလာမှုများဖြစ်ကြောင်း၊ ယင်းပြည်နယ်တွင် ရိုးသား၍ ပြတ်သားသောခေါင်းဆောင်မှုကြောင့် ကျွမ်းကျင်လုပ်သားအင်အား၊ လျှပ်စစ်ဓာတ်အား၊ စက်မှုဥယျာဉ်များနှင့် ခရီးသွားလုပ်ငန်းများတွင် တိုးတက်မှုများကို ဂုဏ်ယူဝင့်ကြွားစွာ တွေ့မြင် ရမည်ဖြစ်ကြောင်း Goyal က ပြောကြားခဲ့သည်။

မိုဒီ၏ ဆန်းသစ်တီထွင်သော တွေးခေါ်မှုသည် ရည်မှန်းချက်များကို လှုံ့ဆော်ပေးခဲ့ပြီး ဝေဖန်မှုများကို တိုးတက်မှုအတွက် အသုံးချဆောင်ရွက်ခဲ့ကြောင်း၊ နောက် ၅နှစ် သက်တမ်းကာလတွင် အစိုးရသည် သင့်လျော်သည့် ပုဂ္ဂိုလ်များအား မှန်ကန်သောနေရာတစ်ခုပေးခြင်းဖြင့် အားလုံးပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရသည် လူဦးရေ ၁.၄ ဘီလီယံကို ဝန်ဆောင်မှုပေးရန် မယိမ်းယိုင်သော ကတိကဝတ်များနှင့် တိုးတက်မှုအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း Goyal က ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲနီးကပ်လာသည့် ကာလတွင် လက်ရှိဝန်ကြီးများမှ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့်  ဆက်လက်ဆောင်ရွက် သွားမည့် အစီအစဉ်အချို့အား ချပြဆွေးနွေးဆောင်ရွက်နေမှုအခြေအနေတို့အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Agribusiness & Trade

Source: ET Now GBS 2024: India bright FDI spot on global map despite rates soaring worldwide, says Piyush Goyal, The Economic Times,

## အိန္ဒိယနိုင်ငံတွင် လယ်သမားများဆန္ဒပြ

အိန္ဒိယနိုင်ငံတွင် ဒုတိယအကြိမ် လယ်သမားဆန္ဒပြမှု ဖြစ်နေကြောင်း၊ Punjab၊ Haryana နှင့် Western Uttar Pradesh ပြည်နယ်တို့မှ လယ်သမားများသည် လယ်ယာမြေဥပဒေသုံးခုကို ဆန့်ကျင်ကန့်ကွက်ရန် ဒေလီသို့ ဝိုင်းရံထားမှု နှစ်နှစ်နီးပါးအကြာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဒေလီသို့ ထပ်မံချီတက်လာကြသည့်အတွက် Haryana ရဲတပ်ဖွဲ့နှင့် ဒေလီရှိရဲများက မြို့တော်သို့ လယ်သမားများဝင်ရောက်ခြင်းမှ တားဆီးရန်အတွက် ကြီးမားသောလုံခြုံရေးအစီအစဉ်များ ချထားကာ နယ်နိမိတ်များ ပိတ်ဆို့တားဆီးထားကြောင်း သိရှိရသည်။

ယခုအကြိမ် ဆန္ဒပြမှုသည့် ပြီးခဲ့သည့်နှစ်နှစ်နီးပါးကြာ ဆန္ဒပြပွဲတွင် တောင်းဆိုခဲ့သည့် အစိုးရ အတည်ပြုထားသည့် လယ်မြေဥပဒေတွေကို ဖျက်သိမ်းရန်နှင့် မတူဘဲ လယ်သမားများက ဘဏ္ဍာရေး ရှင်သန်နိုင်မှုအတွက် ဗဟိုအစိုးရ၏ အစီအမံများစွာကို တောင်းဆိုနေကြကြောင်း သိရှိရသည်။

ယခင် ဆန္ဒပြမှုများတွင် လယ်သမားများသည် အစိုးရက ချမှတ်ခဲ့သည့် လယ်မြေဥပဒေ သုံးရပ်ကို တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းဥပဒေများတွင် လယ်သမားများ၏ ဝင်ငွေနှစ်ဆရရှိရေး အစိုးရ၏ ရည်မှန်းချက်အောင်မြင်ရန် ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ပေးရန်ကတိပြုထားကြောင်း၊ သို့သော် အဆိုပါဥပဒေသစ်ကိုလယ်သမားများက ဆန့်ကျင်ခဲ့ပြီး ပုဂ္ဂလိကကုမ္ပဏီများဖြင့်သာ ချိတ်ဆက်ဆောင်ရွက်ခွင့်ပြုရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ယခုတစ်ကြိမ် ဆန္ဒပြပွဲတွင် ယခင်ဆန္ဒပြပွဲ၌ တောင်းဆိုခဲ့သည့် လယ်ယာဥပဒေကို ဆန့်ကျင်သည့်ချက်များအပြင် အဓိက တောင်းဆိုချက်မှာ ကောက်ပဲသီးနှံအားလုံးအတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း (Minimum Support Price – MSP) ကို အစိုးရက အာမခံချက်ပေးရန် ဖြစ်ကြောင်း သိရသည်။

အစိုးရက စိုက်ပျိုးရေးကုန်ကျစရိတ်နှင့် ဈေးနှုန်းကော်မရှင်၏ အကြံပြုချက်များအပေါ် အခြေခံ၍ ကုန်စည်နှစ်ဒါဇင်နီးပါးအတွက် MSP ကို တစ်နှစ်လျှင် နှစ်ကြိမ်သတ်မှတ်ပေးကြောင်း၊ MSP ဈေးနှုန်းဖြင့်သီးနှံဝယ်ယူမှုအများစုသည် Punjab နှင့် Haryana ပြည်နယ်တို့မှ ဖြစ်ပြီး အဓိကအားဖြင့် အစိုးရ၏ ပြည်သူများသို့ စားနပ်ရိက္ခာဖြန့်ဖြူးရေးစနစ်ကို ပံ့ပိုးပေးသည့် ဂျုံနှင့် ဆန်ထွက်ကုန်ပစ္စည်းများဖြစ်ကြောင်း၊ လယ်သမားများသည် သီးနှံအားလုံးအတွက် MSP အာမခံချက်ရှိသော ဥပဒေတစ်ရပ်ကိုလိုချင်ကြကြောင်း၊ သို့သော်လည်း အစိုးရသည် ကမ္ဘာလုံးဆိုင်ရာဈေးနှုန်းများ၊ အစိုး

ရပဝယ်ယူရေးဆိုင်ရာဖိအားများ၊ ပို့ကုန်ယှဉ်ပြိုင်နိုင်မှုနှင့် ဗဟိုအစိုးရ၏ အသုံးစရိတ် စသည့် ကိစ္စရပ်များအတွက် စိုးရိမ်ပူပန်မှုများစွာရှိနေကြောင်း သိရှိရသည်။

အခြားသော တောင်းဆိုချက်တစ်ခုမှာ စိုက်ပျိုးရေးဆိုင်ရာ MS Swaminathan ကော်မတီ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ ယင်းကော်မတီ၏ အဓိက အကြံပြုချက်တစ်ခုမှာ MSP ကို ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ်ထက် အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ဖြစ်ကြောင်း သိရှိရသည်။

အခြားတောင်းဆိုချက်များတွင် ကြံဈေးနှုန်း ပိုမိုရရှိရေးနှင့် အသက် 60 နှစ်အထက် တောင်သူတိုင်းအတွက် တစ်လလျှင် ပင်စင် ၁၀၀၀၀ ရူပီး ထောက်ပံ့ပေးရေး၊ ယခင်လယ်သမား ဆန္ဒပြမှုတွင်ပါဝင်သည့် အာဇာနည်များအတွက် အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် ဒေလီတွင် မြေနေရာပေးအပ်ရေးတို့ပါဝင်ကြောင်း သိရှိရသည်။

ယခင်လယ်သမားဆန္ဒပြပွဲများတွင် လယ်သမားသိန်းနှင့်ချီ၍ ပါဝင်ခဲ့ပြီး ပြင်းထန်သောအကြမ်းဖက်မှုများကြောင့် ဒေလီမြို့နှင့် အနီးတစ်ဝိုက်တွင်နေထိုင်သည့် စီးပွားရေးလုပ်ငန်းများနှင့် နေထိုင်သူများအတွက် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများအပြင် ကုန်စည်သယ်ယူ ပို့ဆောင်ရေး အနှောင့်အယှက်များကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊ ယခု ချီတက်ဆန္ဒပြပွဲတွင်မူ လယ်သမား ၂၅,၀၀၀ နှင့် လယ်ထွန်စက် ၅,၀၀၀ ခန့်သာ ပါဝင်ကြောင်း၊ သို့သော် ၎င်းသည် ကနဦးအဆင့်သာဖြစ်ပြီး ဆန္ဒပြပွဲများထူထောင်ပြီး ဒေလီနယ်စပ်သို့ရောက်ရှိသည်နှင့် တပြိုင်နက် လယ်သမားများနှင့် အခြားသော လယ်သမားအဖွဲ့အစည်းများလည်း ပါဝင်လာနိုင်သည်ဟု ခန့်မှန်းလျက် ရှိကြသည်ကို တွေ့ရှိရသည်။

အစိုးရသည် ဒေလီသို့ ချီတက်သည့် လယ်သမားများနှင့် အလျင်အမြန် စေ့စပ်ညှိနှိုင်းခဲ့ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးအပါအဝင် ပြည်ထောင်စုဝန်ကြီး ၃ ဦးသည် လယ်သမားခေါင်းဆောင်များနှင့် ဆွေးနွေးရန် ပြီးခဲ့သည့် သီတင်းပတ် ကြာသပတေးနေ့တွင် Chandigarh သို့ သွားရောက်ခဲ့ကြောင်း၊ ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် Bhagwant Mann က လည်း ဗဟိုအစိုးရနှင့် လယ်သမားခေါင်းဆောင်များကြား ညှိနှိုင်းပေးခဲ့ကြောင်းနှင့် အစိုးရက တောင်သူများအား ပွင့်လင်းမြင်သာစွာနှင့် ဆွေးနွေးလျှက်ရှိကြောင်း သိရှိရသည်။

ယခုတစ်ကြိမ် ဆန္ဒပြပွဲများကို ဦးဆောင်နေသည့်အဖွဲ့က ဗဟိုအစိုးရနှင့် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ဒေလီသို့ ချီတက်ပွဲကို ရပ်တန့်မည်မဟုတ်ဟု ပြောကြားထားကြောင်းလည်း သိရှိရသည်။

Agribusiness & Trade

လယ်သမားအဖွဲ့အစည်းများသည် ဂိုဏ်းဂဏစွဲဝါဒဖြင့် အုံကြွနေသော်လည်း တစ်ချို့သော လူမှုအဖွဲ့အစည်းများသည် ဆန္ဒပြပွဲများကို ထောက်ခံခြင်းမရှိကြောင်း၊ အချို့သောသတင်းများအရ အဖွဲ့အစည်း ၂ ခုက ဒေလီကိုဝိုင်းရံပိတ်ဆို့ခြင်းမပြုရန်နှင့် အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုထားကြောင်းနှင့် ယခင်ဆန္ဒပြပွဲများသည် စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းရသည်အထိ ပြည်နယ်များတွင် များစွာသော ဆုံးရှုံးမှုများနှင့် ပြည်သူများအတွက် အဆင်မပြေမှုများကို ဖြစ်စေခဲ့သည်ဟု သတိပေးထားကြောင်း သိရှိရသည်။

အထက်ပါအချက်များကြောင့် ယခုအချိန်တွင် လယ်သမားဆန္ဒပြပွဲများ ဆက်လက်မြင်တွေ့ရနိုင်သော်လည်း ဆန္ဒပြပွဲတွင်ပါဝင်သူနည်းပါးခြင်း၊ လပိုင်းအတွင်း သီးနှံရိတ်သိမ်းရာသီရောက်ရှိလာမည်ဖြစ်ခြင်းနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကြောင့် လယ်သမားများ ကျေးရွာများသို့ ပြန်သွားရမည့် အခြေအနေရှိခြင်း စသည်တို့ကြောင့် ယခင်ဆန္ဒပြပွဲများကဲ့သို့ တာရှည်ခံမည်မထင်ကြောင်း၊ သို့သော်လည်း၊ လယ်သမားများပိုမိုပါဝင်ပြီး ကြီးမားသောခေါင်းဆောင်များ ပါဝင်လာပါက ကနဦးအဆင့်ဆန္ဒပြမှုတစ်ခုအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း၊ ထို့ကြောင့် အခြေအနေအားလုံးသည် အစိုးရ၏ လုံခြုံရေးနည်းဗျူဟာနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုအပေါ်တွင် မူတည်နေကြောင်း The Economic Times စာက သုံးသပ်ထားပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲမစတင်မီကာလတွင် လယ်သမားများက ကောက်ပဲသီးနှံအားလုံးအတွက် အစိုးရမှ အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းအား တရားဝင်ထုတ်ပြန်သတ်မှတ်ပေးနိုင်ရေးနှင့် အသက် ၆၀ ကျော် လယ်သမားများအတွက် ပင်စင်လစာရရှိရေး ဆန္ဒပြသနေမှု အခြေအနေတို့အားသိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Farmers protest 2.0 : What do they want? What is their strategy?, The Economic Times,

........................................................................................................................

**2024 ဘဏ္ဍာနှစ်၊ တတိယ သုံးလပတ်တွင် အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် 6.5% သို့ ကျဆင်းသွားပြီး အမျိုးသမီး အလုပ်သမား ပါဝင်မှု ၂၅ ရာခိုင်နှုန်း တိုးလာ**

အိန္ဒိယနိုင်ငံ၏ မြို့ပြအလုပ်လက်မဲ့နှုန်းသည် 2023 ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း 6.5% သို့ လေးနှစ်အတွင်း အနိမ့်ဆုံးအဆင့်အဖြစ် ကျဆင်းသွားခဲ့ပြီး အမျိုးသမီးအလုပ်သမားပါဝင်မှုနှုန်းသည် အမြင့်ဆုံးအဆင့် 25% အထိ မြင့်တက်သွားခဲ့ကြောင်း ပြီးခဲ့သည့် တနင်္လာ

Agribusiness & Trade

နေ့တွင် ထုတ်ပြန်သော သုံးလပတ် Periodic Labour Force Survey ( PLFS) အချက်အလက်များ အရ သိရသည်။

မြို့ပြအလုပ်လက်မဲ့ဖြစ်မှုသည် 2022 ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလတွင် 7.2% ရှိခဲ့သော်လည်း ယခုသုံးလပတ်တွင် 6.6% သို့ ကျဆင်းခဲ့ကြောင်း၊ အမျိုးသမီး လုပ်သားအင်အား ပါဝင်မှုသည် ၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်တွင် 2.7 ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ယခင်သုံးလပတ်ထက် ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်းနှင့် ပိုမိုကောင်းမွန်သော တိုးတက်မှုအလားအလာများသည် အလုပ်အကိုင်လမ်းကြောင်းများတွင် တွေ့မြင်ရကြောင်း၊ ဇန်နဝါရီလတွင် ထုတ်ပြန်သော ပထမကြိုတင်ခန့်မှန်းချက်များအရ အိန္ဒိယစီးပွားရေးသည် ယခင်နှစ်တွင် 7.2% မှ ၂၀၂၄ ဘဏ္ဍာနှစ်တွင် 7.3% တွင် ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အသက် 15 နှစ်နှင့်အထက် အမျိုးသမီး အလုပ်လက်မဲ့နှုန်းသည် ၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်တွင် 8.6% ရှိပြီး ယခင်သုံးလပတ် 9.6% နှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားကြောင်း၊ အခြားတစ်ဖက်တွင်မူ အမျိုးသားများ အလုပ်လက်မဲ့ဖြစ်မှုသည် 5.8% သို့ ကျဆင်းသွားပြီး ပြီးခဲ့သည့် သုံးလပတ်ကာလထက် ၀.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

လူမှုရေးလုပ်ငန်းကဏ္ဍများတွင် စာရင်းသွင်းထားသည့် တရားဝင်အလုပ်အကိုင်အရေအတွက်များအရ အမျိုးသမီးများသည် အထူးသဖြင့် လစာနည်းသော တရားဝင်အလုပ်များတွင် ၎င်းတို့၏ပါဝင်မှုမြင့်တက်လာခြင်းနှင့်အတူ ပိုမိုကောင်းမွန်သောစွမ်းဆောင်ရည်ကို ပြသနေကြောင်း၊ ပုံမှန်လစာလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ယခင်လတွင် 52.8% မှ ယခုအခါ 53% အထိမြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်တွင် လယ်ယာကဏ္ဍ၌ အမျိုးသမီးများ၏ အလုပ်အကိုင်ပါဝင်မှုမှာ ကျဆင်းလာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်မှုမှာတိုးတက်လာကြောင်း၊ သို့ရာတွင် ယင်းကုန်ထုတ်လုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသားများ၏ ပါဝင်မှုမှာ ကျဆင်းလာကြောင်း သိရသည်။

PLFS လေ့လာစမ်းစစ်ချက်သည် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း အိမ်ထောင်စုပေါင်း 44,544 နှင့် လူ 1,69,209 ကို စစ်တမ်းကောက်ယူထားခြင်းဖြစ်ကြောင်း၊ PLFS မှ စစ်တမ်းကောက်ယူထားသော ပြည်နယ် 22 ခုနှင့် ပြည်ထောင်စုနယ်မြေများထဲတွင် Himachal Pradesh ပြည်နယ်သည် အလုပ်လက်မဲ့နှုန်း အများဆုံးဖြစ်ပြီး Kerala၊ Jammu နှင့် Kashmir ပြည်နယ်တို့သည် မြို့ပြအလုပ်လက်မဲ့နှုန်းမြင့်မားသည့် ပြည်နယ်များဖြစ်ကြကြောင်းနှင့် ထိုပြည်နယ်များတွင် အမျိုးသမီး အလုပ်လက်မဲ့နှုန်းမှာလည်း မြင့်မားသည့် အဆင့်တွင်ရှိကြောင်း သိရှိရသည်။

Agribusiness & Trade

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ တတိယ သုံးလပတ်အတွင်း အလုပ်လက်မဲ့နှုန်းများ ကျဆင်းသွားပြီး အမျိုးသမီးများ၏ လုပ်ငန်းခွင်တွင်ပါဝင်မှုများ သိသိသာသာ မြင့်တက်လာသည်ဟု ထုတ်ပြန်ထားမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Unemployment rate declines to 6.5% in Q3FY24; female labour force participation rises to 25%: MoSPI, The Economic Times,

## နယူးဒေလီမြို့တော်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ တားမြစ်

အိန္ဒိယအစိုးရမှ ကူညီထောက်ပံ့မှုများတိုးမြှင့်ပေးရန် ဖိအားပေးတောင်းဆိုဖို့ နယူးဒေလီမြို့တော်သို့သွားရာ လမ်းမများပေါ်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့က တားမြစ်ထားကြောင်း Al Jazeera သတင်းဌာန ယခုလ ၁၂ ရက်က ဖော်ပြသည်။

အိန္ဒိယအစိုးရ ဝန်ကြီးများက တောင်သူလယ်သမားများ၏ တောင်းဆိုမှုများဖြစ်သော လွန်ခဲ့သော ၃ နှစ်အကြာက အစိုးရမှ ကတိပြုထားသည့် သီးနှံဈေးနှုန်းမြှင့်တင်ပေးရန်ကိစ္စအပေါ် ပြည်ထောင်စုအဆင့် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ယခုလ ၁၂ ရက်က လျာထားသတ်မှတ်ထားကြောင်း သိရသည်။ လယ်ယာထွက်ကုန်ဈေးကွက်ကို ထိန်းကျောင်းရန် ရည်ရွယ်၍ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် အစိုးရ၏ ဥပဒေများအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် ဖိအားပေးတောင်းဆိုသော ဆန္ဒပြပွဲများပေါ်ပေါက်လာသည့်အတွက် အဆိုပါ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်သည်။

ထောင်နှင့်ချီအရေအတွက်ရှိသော တောင်သူလယ်သမားများသည် နိုင်ငံ၏ မြို့တော်သို့သွားရာ လမ်းမကြီးများအပေါ်သို့ စုဝေးရောက်ရှိလာကြသည့်အတွက် ၂၀၂၁ ခုနှစ်က ဖြစ်ပွားခဲ့ဖူးသော တောင်သူလယ်သမားဆန္ဒပြပွဲများကဲ့သို့ နောက်ထပ်ဆန္ဒပြပွဲများ ထပ်မံပေါ်ပေါက်လာမှု မရှိစေရေးအတွက် အဆိုပါ လမ်းမများကို ယင်းကဲ့သို့ ပိတ်ဆို့ထားခြင်းဖြစ်သည်။

အဆိုပါ တောင်သူလယ်သမားများမှ ချီတက်ဆန္ဒပြမှုသည် အိန္ဒိယနိုင်ငံ၌ လအနည်းအတွင်း ကျင်းပပြုလုပ်သွားရန်ရှိသည့် ပြည်လုံးကျွတ် ရွေးကောက်ပွဲများမတိုင်မီ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ အစိုးရအနေဖြင့် တတိယအကြိမ် သက်တမ်းအတွက် အနိုင်ရရှိရန် ကျယ်ကျယ်ပြန့်ပြန့်မျှော်လင့်ထားကြောင်း သိရသည်။ ထောက်ခံမဲ

ရရှိရေးအတွက် အိန္ဒိယနိုင်ငံရှိ သန်းနှင့်ချီသော တောင်သူလယ်သမားများက ကြီးစွာသော လွှမ်းမိုးမှု ရှိပြီး၊ အနိုင်ရပါတီအနေဖြင့်လည်း ၎င်းတို့၏ထောက်ခံအားပေးမှု ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များဖြစ်ပြီး ဂျုံအဓိကစိုက်ပျိုးထုတ်လုပ်ရာ ပန်ဂျပ်ပြည်နယ် နှင့် ဟာယနပြည်နယ်တို့မှ လယ်ထွန်စက်များသည် ဒေလီမြို့တော်သို့ ဦးတည်၍ မောင်းနှင်လျက်ရှိ သည်ကို ပြည်တွင်း ရုပ်မြင်သံကြားအစီအစဉ်များ၌ ဖော်ပြထားကြောင်း၊ အိန္ဒိယရဲတပ်ဖွဲ့က သံဆူး ကြိုးများ၊ ကွန်ကရစ်တုံးများအပါအဝင် အတားအဆီးများကို မြို့တော် အဝင်လမ်းမများပေါ်၌ ချ၍ ပိတ်ဆို့တားမြစ်ထားကြောင်းနှင့် ဒေလီမြို့တော်တစ်ဝိုက်တွင် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ် သည့်အမိန့်အား မြို့တော်ရဲဌာနမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်ထောင်စုခေါင်းဆောင်များက ကောက်ပဲသီးနှံဈေးနှုန်းများအပေါ် အာမခံချက်ရရှိရေးနှင့် တောင်သူလယ်သမားအား ကူညီထောက်ပံ့မှုများမြှင့်တင်ရန်၊ အစိုးရအနေဖြင့် လယ်သမားများ ဝင် ငွေနှစ်ဆရရှိရေး ကတိပြုထားချက်အား ပြည့်မီအောင်ဆောင်ရွက်ရန် စသည်ဖြင့် တောင်းဆိုပြော ကြားခဲ့ပြီးနောက် လယ်သမားများက အစိုးရအပေါ် ဖိအားပေးရန် ယခုကဲ့သို့ လမ်းမပေါ်ထွက်၍ ဆန္ဒပြကြခြင်းဖြစ်သည်။

"ကျွန်တော်တို့က ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြကြမှာပါ။ အဓိကရည်ရွယ်ချက်က ကျွန်တော် တို့ရဲ့ တောင်းဆိုချက်တွေကို အစိုးရမှ နားထောင်ပေးဖို့ပါ။"ဟု ပန်ဂျပ်ပြည်နယ် Kisan Mazdoor Sangharsh ကော်မတီအတွင်းရေးမှူး Sarvan Singh Pandher က ANI သတင်းဌာနသို့ ပြောကြား ခဲ့သည်။

အိန္ဒိယအစိုးရက တစ်နှစ်လျှင် သီးနှံအမျိုး (၂၀) ကျော်အတွက် ဈေးကွက်ရည်ညွှန်း ဈေးနှုန်း များ သတ်မှတ်နိုင်ရန် အနိမ့်ဆုံးထားရှိရမည့်ဈေးနှုန်းများ (Minimum Support Prices) သတ်မှတ် ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း ပြည်နယ်အသီးသီးရှိအစိုးရ အဝယ်တော်များက ဆန်နှင့် ဂျုံကိုသာ သတ်မှတ်ဈေးနှုန်းအတိုင်းဝယ်ယူခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါသီးနှံ နှစ်မျိုးကို စိုက်ပျိုး ထုတ်လုပ်သော လယ်သမား ၆ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးအမြတ် ရရှိစေခဲ့သည်ဟု ဆိုသည်။

၂၀၂၁ ခုနှစ်က ထောင်ပေါင်းများစွာသော တောင်သူလယ်သမားများသည် ယင်းနှစ် မတိုင်မီ က အိန္ဒိယအစိုးရမှ ပြဌာန်းခဲ့သော ဥပဒေ (၃) ရပ်အပေါ် ပြင်ဆင်ပြဌာန်းပေးရန် တစ်နှစ်ကြာအောင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ အဆိုပါ ဥပဒေများသည် အိန္ဒိယနိုင်ငံ၏ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ပြဌာန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့်

Agribusiness & Trade

၎င်းတို့၏ထွက်ကုန်များကို ပိုမိုရွေးချယ်ခွင့်ရှိစွာဖြင့် ရောင်းချနိုင်သည့်အတွက် ဝင်ငွေတိုးတက်စေနိုင်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

သို့သော် တောင်သူလယ်သမားများကမူ အဆိုပါ ဥပဒေများသည် လယ်ယာထွက်ကုန် ဈေးကွက်အပေါ် ပုဂ္ဂလိကကုမ္ပဏီကြီးများ၏ ကြီးစိုးချယ်လှယ်မှု တိုးမြင့်စေပြီး အစိုးရမှ အာမခံထားသော ကြမ်းခင်းဈေးနှုန်း (minimum support price–MSP) မှ ၎င်းတို့ရရှိမည့် အကျိုးကျေးဇူးကို ထိခိုက်စေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် အဆိုပါ အငြင်းပွားဖွယ် ဥပဒေများနှင့် ပတ်သက်၍ ယင်းသို့ ဖိအားပေးတောင်းဆိုလျက်ရှိသည့်အပေါ် ပြန်လည်ပြင်ဆင်သုံးသပ်သွားရန် ရုတ်ချည်းစဉ်းစား ဆုံးဖြတ်ခဲ့ဟန်ရှိကြောင်း သိရသည်။

**လေ့လာသုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်ကာလက ထားရှိခဲ့သော ကတိကဝတ်များကို ပြည့်မီအောင် ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အပေါ် တောင်သူလယ်သမားများက ဆန္ဒပြတောင်းဆိုလျက်ရှိခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သော Bharatiya Janata Party (BJP) အနေဖြင့် နောက်ထပ်အစိုးရသက်တမ်း ထပ်မံတိုးမြှင့်နိုင်ရန်အတွက် အများပြည်သူမှ တစ်ခဲနက် ထောက်ခံအားပေးရန် လိုအပ်ပါသည်။

သို့ပါ၍ အိန္ဒိယအစိုးရ ဌာနအသီးသီးမှ ခန့်မှန်းထုတ်ပြန်ချက်များအရ နိုင်ငံရှိ အခြေခံတောင်သူလယ်သမားထုဦးရေမှာ အရေအတွက် (၃၇) သန်းမှ (၁၁၈) သန်းအကြား ရှိသည့်အတွက် အစိုးရအနေဖြင့် ယခုကိစ္စရပ်အပေါ် သတိကြီးစွာဖြင့် ကိုင်တွယ်ဆောင်ရွက်သွားဖွယ်ရှိကြောင်း သိရှိနိုင်ပါ၍ လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်းချက်။ Al Jazeera သတင်းဌာန၊ “Indian police block roads to halt farmers’ march to New Delhi”၊

……………………………………………………………………………………………………..